

# အကောင်းဆုံး Free Software များ

ကိုယ့်ရဲ့ digital ဘဝတိုးတက်စေဖို့ စရိတ်မကုန်တဲ့ utility တွေ၊ security tool တွေ၊ productivity app တွေအပြင် social meida add-on တွေနဲ့ တခြား software တွေကို ဖော်ပြပေးချင်ပါတယ်။ »

Update လုပ်လိုက်ရင် အရာအားလုံး ပိုကောင်းသွားမှာပါ။ Special software တွေကြောင့် PC အတွက် ကုန်ကျစရိတ်တွေ သက်သာသွားနိုင်ပါတယ်။ ဒီမှာဖော်ပြမယ့် download တွေဟာ ဘာမှကုန်ကျမှာမဟုတ်ပါဘူး။ အားလုံးက အရိုးရှင်းဆုံးပုံစံရှိတဲ့ freeware တွေ ဖြစ်ပါတယ်။ Full package မဝယ်ဘဲနဲ့ ရက် ၃၀ စာပဲသုံးလို့ရတဲ့ trialware download တွေကို ရှောင်ရှားထားပါတယ်။ တချို့ free download တွေမှာ paidware တွေနဲ့ ယှဉ်လိုက်ရင် တချို့ feature တွေကို ကန့်သတ်ထားတာတွေရှိပါတယ်။ ဒါပေမဲ့ ဒီကဏ္ဍမှာတော့ အသုံးပြုဖို့လုံလောက်တဲ့ functionality ပါဝင်တဲ့ freebie တွေပဲ ပါဝင်မှာဖြစ်ပါတယ်။

PC ဆိုတာမျိုးက တစ်ခုနဲ့တစ်ခု တူနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကိုယ့် system နဲ့ ကိုက်ညီတဲ့ software ကို download လုပ်ဖို့ လိုပါတယ်။ ဒီမှာပါဝင်တဲ့ program တွေ အားလုံးက Windows 7 မှာ အလုပ်လုပ်ပါတယ်။ အများစုက အနည်းဆုံး အရင် Windows version အဟောင်းတွေမှာလည်း အလုပ်လုပ် နိုင်ပါတယ်။ ဒါပေမဲ့ computer ဆီကို download မလုပ်ခင်မှာ OS လိုအပ်ချက်တွေနဲ့ system ရဲ့ လိုအပ်ချက်တွေကို စစ်ဆေးပါ။ တချို့လူတွေကတော့ full system backup လုပ်ပါတယ်။ ပြီးရင် system setting နဲ့ document folder (antivirus tool ၊ shredder tool ၊ remote desktop tool) တွေကို access လုပ်ဖို့ ဘယ် program ကိုမှ install မလုပ်ခင် system-restore point အသစ်ကို ဖန်တီးပါတယ်။ အဲဒီမှာရှိတဲ့ rule တွေက ပိုပြီး စိတ်ချရပါတယ်။ ဒါတွေလုပ်ပြီးမှ ကိုယ့်ရဲ့ PC ထဲကို download ယူပြီး toolkit တွေ သုံးပါ။ ကိုယ့် ရဲ့ အလုပ်တွေ အဆင်ပြေအောင် လုပ်ပြီး social sharing ကိုလည်း ကောင်းမွန်စေမှာ ဖြစ်ပါတယ်။

# Utility များ

## BootMed

Ubuntu-based boot disc ကို download ယူပြီး copy ပွားထားပါ။ ဒီ tool ကတော့ Windows PC installation မှာ fail ဖြစ်တာ၊ malware infect ဖြစ်တာတွေကို recover ဖြစ်အောင် လုပ်ပေးပါတယ်။ BootMed *(find.pcwold.com/72145)* က ရိုးရှင်းပါတယ်။ ဒါပေမဲ့ လုံးဝကြီး ရိုးရှင်းတာမျိုးတော့ မဟုတ်ပါဘူး။ အသုံးဝင်တဲ့ tool လေးတွေကတော့ virus နဲ့ တခြား




Smart Defrag က hard drive ကို သူ ပြန်လည်စုစည်းပြီးတဲ့အခါ graph နဲ့ ပြပေးပါတယ်။ ပြီးတော့ system idel ဖြစ်နေတုန်းမှာ file တွေကို defrag လုပ်ဖို့လည်း set လုပ်ထားနိုင်ပါတယ်

malware တွေကိုဖယ်ရှားဖို့ Windows program run ဖို့သုံးတဲ့ tool ဖြစ်တဲ့ partition manager ၊ PhotoRec file recovery tool ၊ TestDisk partition recovery နဲ့ boot doctor စတာတွေ ဖြစ်ပါတယ်။ Linux ရဲ့ command တွေကို နားလည်တဲ့ user တွေအတွက်ဆိုရင်တော့ terminal icon (Windows မှာရှိတဲ့ CMD နဲ့ တူပါတယ်) လည်း ရနိုင်ပါတယ်။ Download ယူရတာ အရွယ်အစားကြီးနိုင်ပေမယ့် BootMed က သုံးသင့်သုံးထိုက်ပါတယ်။

## CCleaner

အရင်တုန်းကလုပ်ခဲ့တဲ့ စမ်းသပ်မှုတွေကနေ ပြတာကတော့ CCleaner *(find.pcwold.com/71543)* လိုမျိုး cleaning tool တွေဟာ overall performance တွေပေါ်မှာ သိပ်ပြီး သက်ရောက်မှုမရှိပါဘူး။ ဒါပေမဲ့ အနည်းဆုံးတော့ ကိုယ့်ရဲ့ PC ထဲက ပြန့်ကျဲနေတာတွေကို ဖယ်ရှားရာမှာ ကူညီပေးနိုင်ပါတယ်။ CCleaner 3.0 ကို ဒီနှစ်စောပိုင်းမှာ ထုတ်ထားပါတယ်။ အရင် version တွေလိုပဲ temporany file တွေ ဖယ်ရှားတာ၊ Windows registry ကို ရှင်းလင်းတာ၊ browser history တွေကို ဖျက်ပစ်တာ စတာတွေမှာ အကောင်းဆုံး လုပ်နိုင်ပါတယ်။ ဒီ update version မှာ သတင်းထူးတစ်ခုကတော့ တူညီတဲ့ Windows editon သုံးဖို့ native 64,bit version ပဲ ဖြစ်ပါတယ်။ CCleaner ရဲ့ အကောင်းဆုံး feature တွေထဲက တစ်ခုကတော့ Google နဲ့ Yahoo တို့အတွက် ကိုယ်သိမ်းထားချင်တဲ့ cookie တွေကို scan မလုပ်တာပဲ ဖြစ်ပါတယ်။

## PC Wizard

ကိုယ့် PC ရဲ့ hardware နဲ့ software တွေကို အသေးစိတ် စစ်ဆေးချင်တာမျိုး လုပ်ချင်တယ်ဆိုရင်တော့ ဒီ utility ကို သုံးကြည့်ပါ။ ကိုယ့်ရဲ့ PC ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို system မှာ run နေတဲ့ hardware တွေအားလုံးရဲ့ list ကိုယူပြီး တစ်ခုချင်းစီရဲ့ processor core တွေပေါ်မှာ level ကို check လုပ်ဖို့အထိ သူက လုပ်ပေးနိုင်ပါတယ်။ PC Wizard *(find.pcworld.com/72146)* က restore point ၊ shut-down နဲ့ boot-up ဖြစ်တဲ့အချိန်တွေအလိုက် အသေးစိတ် အချက်အလက်တွေကို report လုပ်ပေးပြီး system တစ်ခုလုံးစာအတွက်လည်း benchmark tool တွေ ပါဝင်ပါတယ်။

## 7-Zip

32-bit နဲ့ 64-bit version ၂ မျိုးလုံး ရနိုင်ပါတယ်။ 7-Zip ဟာ *(find.pcwold.com/61828)* WinZip compatible ဖြစ်တဲ့ AES-encrypted လုပ်ထားတဲ့ Zipfile တွေကို compress ၊ ဒါမှမဟုတ် decompress လည်း လုပ်နိုင်ပါတယ်။ Zip file format ရဲ့ standard password ဟာ crack လုပ်ရတာ အရမ်းလွယ်ကူတဲ့အတွက်ကြောင့် အရေးကြီးတဲ့ data တွေကို email နဲ့ပို့ဖို့ လိုအပ်လာတဲ့အခါမှာဆိုရင် ဒီအချက်ဟာ အရေးပါပါတယ်။ 7-Zip က လွယ်လွယ်ကူကူပဲ file တွေကို compress လုပ်ပြီး email ပို့နိုင်ဖို့ လုပ်ပေးထားပါတယ်။

ကိုက်ညီမှုရှိနဲ့မရှိ ပြဿနာတွေမဖြစ်စေဖို့ Zip format လုပ်သင့်ပေမယ့်လည်း သူ့မှာ ကိုယ်ပိုင် compress လုပ်ရတဲ့ format က ရှိပါတယ်။ WinZip နဲ့ မတူတာကတော့ 7-Zip ဟာ Zip file တွေကို exe file အဖြစ် compress မလုပ်ပေးနိုင်ပါဘူး။ ဒါပေမဲ့ အကောင်းဆုံး compression အလုပ်တွေအတွက်ကတော့ 7-zip ဟာ ကောင်းကောင်း စွမ်းဆောင်ပေးနိုင်ပါတယ်။

## Smart Defrag

မတော်တဆအဖြစ်အပျက်တွေကြောင့် data တွေကို အလွယ်တကူ ပြန်လည် recover လုပ်နိုင်ဖို့ အရိုးရှင်းဆုံးနည်းလမ်းတွေထဲက တစ်ခုကတော့ hard disk ကို defragment လုပ်ဖို့ပဲ ဖြစ်ပါတယ်။ အဲဒီအတွက်ကတော့ Smart Defrag *(find.pcworld.com/72147)* က သင့်တော်ကောင်းမွန်တဲ့ tool တစ်ခုပဲ ဖြစ်ပါတယ်။ မကြာသေးခင်က စမ်းသပ်မှုတွေအရတော့ PC ကို defrag လုပ်တာက အများကမျှော်လင့်ထားသလို speed ကို မြန်လာစေမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ file တွေကို စုစုစည်းစည်းလုပ်တာကတော့ ဖျက်လိုက်ပြီးတဲ့နောက် receive လုပ်ဖို့ ပိုပြီးလွယ်ကူပါတယ်။

Windows မှာ built-in ပါပြီးသား defragment utility နဲ့ မတူတာကတော့ ဒီ freebie ဟာ ကိုယ့်ရဲ့ hard disk ကို analyze လုပ်ပေးနိုင်ပြီး ရလာတဲ့ရလဒ်တွေကိုလည်း ဖော်ပြပေးပါတယ်။ ဘာဆက်လုပ်ရမလဲဆိုတာတွေကိုလည်း ဆုံးဖြတ်ပေးပါတယ်။ Degrag လုပ်ဖို့ level အမျိုးမျိုးကိုလည်း ထည့်သွင်းပေးထားပါတယ်။ ဥပမာ– hard disk တစ်ခုလုံး defrag လုပ်တာက နေရာချဖို့ file တွေ ပြန့်စီတာလောက်လေးပဲ လုပ်လို့ရပါတယ်။

ဒါပေမဲ့ solid state drive ရှိတယ်ဆိုရင် ဒီ download ကို ပေးချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ rewriting လုပ်တာ များလွန်းရင် ဒီလို drive တွေကို ပင်ပန်းစေမှာ ဖြစ်ပါတယ်။

# Security

## CyberGhost VPN Free

အများဆိုင်တဲ့နေရာတွေဖြစ်တဲ့ cafe နေရာမျိုးနဲ့ ချိတ်ဆက်သုံးနေရာတယ်ဆိုရင်တော့ ကိုယ်ပို့လိုက်တဲ့၊ ပြန်လက်ခံတဲ့အရာတွေကို ဥပမာ– password နဲ့ တခြား ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို hacker တွေက ဝင်ရောက်နှောင့်ယှက်နိုင်ပါတယ်။ CyberGhost VPN Free ကို စမ်းကြည့်စေချင်ပါတယ်။ ဒီ program က internet သုံးတဲ့အခါမှာ virtual private network connection ကို ဖန်တီးပေးပြီး ကိုယ့်ရဲ့ IP address ကို CyberGhost IP address နဲ့ လဲလိုက်ကာ နောက်ထပ်ကာကွယ်မှုတွေလုပ်ဖို့ server နဲ့ ချိတ်ဆက်ပေးပါတယ်။ ချိတ်ဆက်လိုက်တဲ့အခါမှာ ကိုယ်ဟာ အမည်မဖော်နိုင်တဲ့ anonymous အနေနဲ့ online ဖြစ်သွားပါပြီ။ CyberGhost VPN ရဲ့ free version ဟာ တစ်ချိန်တည်းမှာ 1GB ရှိတဲ့ download အတွက်၊ ဒါမှမဟုတ် တစ်ချိန်တည်းမှာ ၆ နာရီအကြာအတွက်ပဲ အလုပ်လုပ်ပါတယ်။ ချက်ချင်းပြန် relaunch လုပ်နိုင်ပေမယ့်လည်း ပြီးတာနဲ့ disconnect ဖြစ်သွားပါလိမ့်မယ်။

## Spybot Search & Destroy

ဒီ program သုံးတဲ့အခါမှာ track လုပ်နေတဲ့ cookie တွေ အားလုံးကိုရှာပြီး တစ်ခုချင်းစီ remove လုပ်နိုင်အောင် လုပ်ပေးပါလိမ့်မယ်။ (တချို့ cookie တွေက ဆက်သိမ်းထားတာ ကောင်းပါတယ်။ ဒီ tool က များသောအားဖြင့်တော့ လိုချင်တဲ့ cookie နဲ့ မလိုချင်တဲ့ cookie တွေကြားထဲမှာ ခွဲခြားပေးနိုင်ပါတယ်။) Spybot Search & Destroy *(find.pcworld.com/72149)* ဟာ now-clean PC ကို spyware တွေရဲ့ရန်က ကာကွယ်ပေးဖို့၊ ဒါ့ပြင် Registry entry တွေ ပြောင်းတာမျိုး၊ ဖျက်ခံရတာမျိုး စတဲ့ သံသယရှိစရာတွေကို သတိပေးဖို့ ကာကွယ်ထားတဲ့ shield စတာတွေအတွက် ကာကွယ်ရေး feature တွေကိုလည်း ပေးထားပါတယ်။




Spybot Search & Destroy app က ကိုယ့် computer ကို spyware နဲ့ cookie တွေရဲ့ ရန်ကလွန်အောင် ထားပေးနိုင်ပါတယ်။ ပြီးတော့ မလိုလားအပ်တာတွေ ဝင်ထဲရောက်လာရင် သတိပေးဖို့ shield တစ်ခုကိုလည်း သူက ထည့်ထားပေးပါတယ်

## TrackMeNot

Bing ၊ Google ၊ Yahoo နဲ့ တခြား များပြားလှတဲ့ search engine တွေဟာ ကိုယ်ဝင်ရောက်လိုက်တဲ့ term ပေါ်မူတည်ပြီး profile တွေကို ဖန်တီးပေးပါတယ်။ TrackMeNot *(find.pcworld.com/72150)* ဆိုတဲ့ Firefox နဲ့ Chrome add-on ဟာ customized profile မဆောက်နိုင်အောင် term တွေ မျိုးစုံကို ရှာဖွေနိုင်စေတဲ့ search engine တွေကို ဖန်တီးစေပါတယ်။ Add-on က CNN နဲ့ NYTimes.com စတာတွေ အပါအဝင် RSS Feed တွေကနေ term တွေကို ထုတ်ပေးပါတယ်။ Search engine တွေက ရှာဖွေရေးတွေ လုပ်ဆောင်ပေးလည်း တစ်နေရာမှာ ဘယ်လောက်ရှာနိုင်မလဲ စတာတွေအပါအဝင် ဘယ်လိုသုံးရမယ် ဆိုတာကို control လုပ်ပါတယ်။

## Avast Free Antivirus

မကြာသေးခင်က လုပ်တဲ့ malware scanner test တွေမှာ Avast Free Antivirus *(find.pcworld.com/70362)* ဟာ sample တွေရဲ့ ၉၄.၈ ရာခိုင်နှုန်း detect လုပ်နိုင်ပါတယ်။ Avast Free Antivirus ဟာ စိတ်ချရတဲ့ file တစ်ခုကို

malware တစ်ခုနဲ့ မှားယွင်းပြီး မဆုံးဖြတ်လောက်တဲ့ တစ်ခုတည်းသော free product ဖြစ်ပါတယ်။ Scan လုပ်တာ မြန်ဆန်ပြီး PC ရဲ့ performance အပေါ်လည်း သက်ရောက်မှု နည်းတဲ့ Avast ဟာ ဒီအထဲမှာတော့ အကောင်းမွန်ဆုံး free antivirus software program တစ်ခု ဖြစ်ပါတယ်။

# Connectivity

## InSSIDer

အိမ်၊ ဒါမှမဟုတ် ရုံးခန်းရဲ့ အရွယ်အစားနဲ့ ပုံသဏ္ဍာန်ကို ဂရုမစိုက်မိရင် ကိုယ့်ရဲ့ wireless network ရဲ့ signal ဟာ အားနည်းလွန်းတဲ့နေရာတော့ ရှိနိုင်ပါတယ်။ InSSIDer *(find.pcworld.com/71859)* က ဘေးပတ်ဝန်းကျင်က wireless setup တွေနဲ့ အဆင်မပြေဖြစ်တဲ့ network အတွက် စစ်ဆေးပေးနိုင်ပါတယ်။ ဒီအချက်အလက်တွေကိုအခြေခံပြီး ပြဿနာ ဖြေရှင်းပြီးတဲ့အထိ wireless router ကို ချိန်ညှိနိုင်ပါတယ်။

## Mikogo

တစ်ယောက်ယောက်ရဲ့ computer screen ကိုမကြည့်ဘဲ phone နဲ့ပဲ ပြဿနာဖြေရှင်းပေးရတာက မလွယ်ပါဘူး။ Mikogo *(find.pcworld.com/72151)* ဟာ ဒီလို အခြေအနေအတွက် စွမ်းအင်ပြည့်တဲ့ presentation နဲ့ remote control app ပဲ ဖြစ်ပါတယ်။ Mikogo မှာ session ကို စတင် ဖို့ link ရဲ့ နှစ်ဦးနှစ်ဖက်မှာ present လုပ်ပေးဖို့ လူလို ပါတယ်။

ဒါကြောင့် setup မလုပ်နိုင်ဘဲ connection ကို စောင့်ရတာမျိုး ဖြစ်နိုင်ပါတယ်။မဟုတ်ရင်တော့ remotely group က လူတွေကို present လုပ်ချင်တာမျိုးအတွက် Mikogo ဟာ အခုအချိန်မှာ အကောင်းဆုံး screen-sharing tool တွေထဲက တစ်ခုဖြစ်ပါတယ်။



InSSIDer က ကိုယ့် wireless signal ရှိတဲ့ channel တွေကို ပြပေးပါတယ်။ တကယ်လို့ အနီးအနားက wireless network ကလည်း ကိုယ်နဲ့ channel တူကို ထုတ်လွှင့်နေရင်လည်း သူက အဆင်ပြေအောင်လုပ်ပေးနိုင်ပါတယ်

## Remote Desktop Connection

Windows XP ရဲ့ wireless version တိုင်းမှာ built-in ပါဝင်ပြီး download လည်း လုပ်လို့ရနိုင်တဲ့ Remote Desktop connection *(find.pcworld.com/72152)* ဟာ remote access တွေကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ပါတယ်။ Mac2 အတွက် Remote Desktop Connection Client ဟာ Mac user တွေကို file ၊ app နဲ့ တခြား network resource တွေ ရရှိစေဖို့ Windows-based PC တွေနဲ့ ချိတ်ဆက်စေပါတယ်။

Local စက်က ထုတ်လိုက်တဲ့ document တွေကို တခြား PC မှာသွားပြီး ထွက်အောင်လုပ်ပေးပါတယ်။ ထပ်ပေါင်းပါဝင်တဲ့ feature တွေကတော့ remote PC မှာ desktop ကနေ သီချင်းတွေနားထောင်တာ၊ USB/serial port တွေ redirect လုပ်တာ၊ remote PC က memory card တွေကို ဆက်သွယ်တာ စတဲ့ စွမ်းရည်တွေ ပါဝင်ပါတယ်။ App ရဲ့ တစ်ခုတည်းသော အားနည်းချက်ကတော့ remote host ကို access လုပ်နိုင်ဖို့ firewall မှာ port ကို ဖွင့်ပေးဖို့တော့ လိုပါတယ်။



# နည်းနည်းပေးပြီး များများယူမယ်

ဒီဆောင်းပါးထဲမှာ ဖော်ပြထားတဲ့ program တွေက အခမဲ့တွေ များပါတယ်။ သူတို့ထဲက တော်တော်များများဟာ programmer တစ်ယောက်၊ ဒါမှမဟုတ် programmer အဖွဲ့ တစ်ခုခုက ဘယ်သူ့အထောက်အပံ့မှ မယူဘဲနဲ့ ရေးဆွဲထားတဲ့ program တွေဖြစ်ပါတယ်။ သူတို့တွေက ရေးဆွဲထားတဲ့ program တွေအတွက် အလှူငွေတော့ ကောက်ခံလေ့ရှိပါတယ်။ အဲဒီလို freeware တွေကို donationware လို့ခေါ်ပြီး ကိုယ်က ငွေကြေးအနည်းငယ် စိုက်ထုတ်ရုံနဲ့ ကိုယ်ကြိုက်နှစ်သက်တဲ့ programmer အမြောက်အမြား ဖွံ့ဖြိုးလာစေဖို့ အထောက်အပံ့ဖြစ်စေမှာပါ။

Donationware ရေးတဲ့ coder အများစုဟာ PayPal ကနေ တစ်ဆင့် ငွေကောက်ခံလေ့ရှိတာကြောင့် credit card အခိုးခံရမှာလည်း ပူပန်မနေရတော့ပါဘူး။

Donationware အမြောက်အမြားကို ရှာဖွေချင်တယ်ဆိုရင်တော့ DonationCoder.com ကိုသွားပါ။ အဲဒီက donationware တွေအားလုံးဟာ spyware ရော၊ malware ပါ ကင်းစင်ပြီး တကယ်လို့ ကိုယ်က ပိုက်ဆံပြန်လိုချင်တယ်ဆိုရင်လည်း အမေးအမြန်းမရှိ ပြန်ပေးပါလိမ့်မယ်။ ဒီလို စိတ်ချမ်းမြေ့စရာကောင်းတဲ့နေရာမှာ အလုပ်ကြိုးစားတဲ့ programmer တွေကို အထောက်အပံ့ပေးရတာက ကိုယ့်အတွက် အပန်းမကြီးနိုင်တာတော့ အသေအချာပါပဲ။ ■

## LANSpeed Test

ကိုယ့် network connection ဘယ်လောက်မြန်လဲဆိုတာ သိချင်ပါသလား။ LAN speed test *(find.pcworld.com/72153)* က စိတ်ချရတဲ့ အခမဲ့ရတဲ့ source ပဲ ဖြစ်ပါတယ်။ Disk မှာ သွားရေးတာ (download speed နဲ့ တူပါတယ်) တွေအတွက် ရလဒ်တွေကို ဒီ program ဖော်ပြပေးပါတယ်။ တကယ့် connection speed အတွက် နေ့တစ်နေ့ရဲ့ မတူညီတဲ့အချိန်တွေမှာ စမ်းသပ်ပါ။ ကိုယ်ဟာ network administrator ၊ ဒါမှမဟုတ် အိမ်သုံး user ပဲဖြစ်ဖြစ် LAN Speed test ဟာ network connection တွေ အဆိုးရွားဆုံး အခြေအနေဖြစ်တဲ့အခါမှာ အကြောင်းကြားပါလိမ့်မယ်။

## Adblock Plus

Well-designed ဖြစ်ပြီး two-part Firefox add-on ဟာ online ကြော်ငြာတွေ အများအပြားကို မြန်မြန်ဆန်ဆန် အလွယ်တကူ block လုပ်ပစ်ပါတယ်။ Adblock Plus *(find.pcworld.com/72154)* မှာ free subsprition componet တွေနဲ့ လာတဲ့ ပုံတွေ၊ script တွေနဲ့ flash တွေကို တားဆီးဖို့ free utility ပါဝင်ပါတယ်။ Adblock Plus ဟာ ကြော်ငြာတွေကို ကျော်သွားချင်တယ်ဆိုရင်၊ ဒါမှမဟုတ် ကြော်ငြာနဲ့ဆိုင်တဲ့ ပုံတွေကို ပိတ်ချင်တယ်ဆိုရင် ပုံမှာ right click လုပ်ပြီး Adblock ရဲ့ disapproved list ထဲကို ထည့်လိုက်ပါ။ Firefox navigation toolbar ရဲ့ ညာဘက်က အနီရောင် stop-sign icon လေးဟာ တခြား option တွေ ရွေးချယ်ဖို့ ဖြစ်ပါတယ်။ Adblock Plus ဟာ ကောင်းကောင်းအလုပ်လုပ်နိုင်ပြီး ထဲထဲဝင်ဝင် သုံးချင်တဲ့သူတွေအတွက်လည်း advanced customize option တွေကိုပါ ပေးထားပါတယ်။

# Productivity

## LibreOffice

Oracle နဲ့ Openoffice.org community ကြားထဲမှာ ဖန်တီးထားတာဖြစ်ပါတယ်။ LibreOffice *(find.pcworld.com/71673)* ဟာ free office suite ရဲ့ brand-new program တစ်ခု ဖြစ်ပါတယ်။ ဒီ

software မှာ word processor ၊ spredsheet module ၊ presentation builder ၊ drawing pad ၊ database frontend နဲ့ equation editor စတာတွေ ပါဝင်ပါတယ်။ LibreOffice 3.3 ဟာ Mic-rosoft Office ၊ Microsoft Office open XML ၊ open document format နဲ့ PDF စတာတွေအတွက် အပြည့်အဝ ကောင်း မွန်တဲ့ support ပေးထားပါတယ်။ Document foundation က တော့ LibreOffice ရဲ့ အနာဂါတ်မှာ ထွက်လာမယ့် version အတွက် အစီအစဉ်တွေ ရှိနေပုံရပါတယ်။ LibreOffice ဟာ ကောင်းမွန်ပြီး all-purpose office suite ဖြစ်ပါတယ်။ Open Office နဲ့ ပိုပြီး ဆင်တူပါတယ်။ ယင်းရဲ့ protable version ကလည်း user တွေအတွက် bonus တစ်ခုအနေနဲ့ ပါလာ ပါတယ်။

## AbiWord

Word processing အလုပ်တွေက များတယ်ဆိုရင် ဒီ freebie ကို စမ်းကြည့်ပါ။ AbiWord *(find.pcworld.com/72155)* ဟာ ribbon တွေ၊ multilevel menu တွေပါဝင်တဲ့ interface အစား page ရဲ့ ထိပ်ပိုင်းရှိ ရှင်းလင်းတဲ့ icon တွေနဲ့ menu တွေ ပါဝင်ပြီး ရိုးရှင်းတဲ့ interface ရှိပါတယ်။ AbiWord မှာ ပုံတွေ၊ mail merge လုပ်တာတွေ၊ page number တပ်တာတွေ၊ နေ့စွဲ အချိန်နဲ့ တခြား အလိုအလျောက်ထည့်တဲ့ စာတွေ၊ ဇယားတွေ စတာတွေကို အလုပ်လုပ်ပေးနိုင်ပါတယ်။ ယင်းရဲ့ အဓိက ကန့်သတ်မှုတစ်ခုကတော့ .docx office file format ကို သုံးလို့မရနိုင်တာပဲ ဖြစ်ပါတယ်။ AbiWord ရဲ့ ရိုးရှင်းမှုဟာ ငွေကြေးအရရော အချိန်ပါ သက်သာစေမှာဖြစ်ပါတယ်။

## Stickies

ဒီ free software ဟာ ယင်းရဲ့ IMB installer ထဲမှာ feature တွေ တပုံတပင် ပါဝင်ပါတယ်။ Stickies *(find. pcworld. com/72156)* ဟာ desktop ပေါ်မှာ ကိုယ့်ရဲ့ to-do list ကို ရေးထားနိုင်ပြီး visual အရ မြင်ရအောင်လည်း စီစဉ်နိုင်ပါတယ်။ Stickies မှာ rich text အပါအဝင် image လည်း ပါဝင်နိုင်ပါတယ်။ [ ] ကို ရိုက်မယ်ဆိုရင် Stickies ဟာ အဲဒီစာလုံးကို checkbox အဖြစ် ပြောင်းလဲပေးပြီး ကိုယ့်ရဲ့ အလုပ်တွေ ပြီးသွားတဲ့အခါမှာ record လုပ်ထားနိုင်ပါတယ်။ မှတ်ထားတာတွေအားလုံးကိုလည်း browse လုပ်ပြီး ရှာကြည့်နိုင်ပါ










Stikies နဲ့ဆိုရင် ကိုယ်လုပ်ထားတဲ့ alarm တွေက အချိန်နီးလာတာနဲ့အမျှ window ပေါ်မှာ အချိန်ပြည့်ပေါ်နေပြီး ကိုယ့်ကိုမေ့မသွားအောင် သတိပေးနေမှာဖြစ်ပါတယ်

တယ်။ Stickies note မှာ အရေးကြီးတဲ့ data တွေ ရေးထားတယ်ဆိုရင် ပြီးသွားပြီဆိုတာ သေချာရင်တော့ ဒီအချက်အလက် တွေကို ကိုယ့်ဘာသာ ဖျက်ပစ်သင့်ပါတယ်။ Keyboard က backspace ကိုသုံးပြီး ဖျက်နိုင်ပါတယ်။

## Syncdocs

Word processing နဲ့ spreadsheet တွေ ပြုလုပ်ဖို့အတွက် Google docs ကို ပုံမှန်သုံးတယ်ဆိုရင်တောင်မှ desktop မှာရှိတဲ့ Microsoft Office နဲ့ အလုပ်လုပ်ရတာ ပိုကောင်းမယ်ထင်ပါတယ်။ Desktop editing လုပ်ရတာ အဆင်ပြေဖို့ file တွေ သိမ်းရတာ အဆင်ပြေဖို့ဆိုရင် Syncdocs *(find.pcworld.com/72157)* ကို စမ်းသုံးကြည့်ပါ။ ဒီ program ဟာ ပြောင်းလဲမှုတွေကို defut လုပ်မိတဲ့အချိန်တိုင်း နောက်ကွယ်ကနေ file တွေကို upload တွေ၊ download တွေ လုပ်ပေးပါတယ်။ ဒီ document တွေကို တခြား user တွေနဲ့ တွဲပြီးသုံးနေတယ်ဆိုရင် Syncdocs ဟာ history ကို ပြန်ကြည့်လို့ရနိုင်ပြီး syncdocs ရဲ့ တစ်ခုသောအားနည်းချက်ကတော့ internet service provider ရဲ့က data-upload speed မှာပဲရှိနေစေပါတယ်။ ISP က အဆင်မပြေဘူးဆိုရင် transfer time တွေ အရမ်းကြာနေနိုင်ပါတယ်။

## PrimoPDF

Screen viewing ၊ printing ၊ ebook creation နဲ့ prepress composition တွေအတွက် PDF တွေကို ဖန်တီးဖို့သုံးပါတယ်။ PrimoPDF *(foind.pcworld.com/72158)* ဟာ ကိုယ့်ရဲ့ printer list ထဲမှာ ရှိပါတယ်။ Document တစ်ခုကို print လုပ်တဲ့အခါမှာ main PrimoPDF window က ပေါ်လာပါတယ်။ Format option တွေပါဝင်ပြီး document ပတ်သက်တဲ့ ရေးသူအမည်နဲ့ keyword စတဲ့ property တွေ ထည့်ထားပါတယ်။ PDF ကို လုံခြုံစိတ်ချစေဖို့ 40-bit ၊ ဒါမှမဟုတ် 128-bit encryption ကို သုံးနိုင်ပါတယ်။

Distribution မှ ကာကွယ်ဖို့၊ ဒါမှမဟုတ် တချို့လူတွေပဲကြည့်လို့ရဖို့ စတာတွေအတွက် ebook ထုတ်မယ်ဆိုရင် အသုံးဝင်ပါတယ်။ နောက်ထပ် feature ကတော့ user တွေက PDF ရဲ့ စာသားတွေ၊ ပုံတွေကို print လုပ်နိုင်သလား၊ copy လုပ်နိုင်သလား၊ ဒါမှမဟုတ် comment တွေ ရေးမလား၊ ယင်းရဲ့ အထဲက content တွေကို ပြောင်းမယ်၊ စတာတွေကို ဆုံးဖြတ်နိုင်စေပါတယ်။

## PagePlus Starter Edition

Microsoft Word ရဲ့ advanced formatting နဲ့ layout ပိုင်းတွေဟာ သေချာသိဖို့ လိုနေပါသေးတယ်။ သေချာပြင်ဆင်ထားတဲ့ document တွေဟာ အလွယ်တကူမဖြစ်တာမျိုး ရှိပါတယ်။ Page Plus Starter Edition *(find.pcworld.ocm/72159)* ဟာ page layout နဲ့ desktop publishing program ဖြစ်ပြီး embed လုပ်ထားတဲ့ image တွေ၊ text frame တွေ၊ sidebar တွေနဲ့ fancy design တွေအတွက် အလွယ်တကူ အသုံးပြုနိုင်ပါတယ်။

Menu နဲ့ option တွေမှာ feature တွေ ပါဝင်ပါတယ်။ အဲဒီမှာ picture frame အမျိုးမျိုး၊ free form text path ၊ စာသားတွေထဲကို tablet တွေနဲ့ calendar တွေ ထည့်ဖို့ functional tool တွေ ပါဝင်ပါတယ်။ Crossed-out menu item တွေကို တွေ့ရပါလိမ့်မယ်။ Full version မှသာလျှင် သုံးလို့ရတဲ့ feature တွေကိုလည်း ဖော်ပြထားပါတယ်။ Page Plus Starter Edition ဟာ teaseware မျိုးဖြစ်ပြီး control နဲ့ flexiblity တွေ လိုတယ်ဆိုရင် ဒါက အကောင်းဆုံး tool ဖြစ်ပါတယ်။

# Photo ၊ movie နဲ့ music

## Freemake Video downloader

ဒီ free app ဟာ online source တွေကနေ flash video တွေကို rip လုပ်ပြီး offline မှာ ပြန်ကြည့်ဖို့ ကြိုက်တဲ့ format ပြန်ပြောင်းပေးပါတယ်။ Freemake Video downloader *(find.pcworld.com/71464)* ဟာ download လုပ်နေတဲ့အချိန်မှာ ပြောင်းလဲပေးပြီး video ကို process လုပ်နေချိန်မှာ file size နဲ့ ကြာချိန်တွေကို ပြောပါတယ်။ ဒီ app နဲ့ MTV network video site တွေဖြစ်တဲ့ comedy central ၊ south park studies ၊ The Daily show နဲ့ VH1 စတဲ့ site တွေကနေ video ကို rip လုပ်လို့ရစေမှာဖြစ်ပါတယ်။ အနည်းဆုံးတော့ Hulu နဲ့လည်း အလုပ်လုပ်ပါတယ်။ Hulu ဆိုတာ ယင်းရဲ့ content ကို ကြည့်ပြီး download ၊ ဒါမှမဟုတ် set-up box တွေကို ကာကွယ်ဖို့ security update တွေကို ထုတ်ပေးပါတယ်။

## Photo Pos Pro

Photo editor အများစုဟာ ရိုးရှင်းမှု၊ စွမ်းဆောင်ရည်ကောင်းမှုတွေကြားထဲမှာ ရွေးချယ်စေပါတယ်။ Photo Pos Pro *(find.pcworld.com/72106)* ဟာ power နဲ့ usability မျှတမှု ရှိပါတယ်။ Download ရဲ့ interface အပိုင်းက ရှင်းလင်းပြီး




Open source music player တစ်ခုဖြစ်တဲ့ Songbird က Android phone နဲ့ သီချင်းတွေကို sync လုပ်ပေးနိုင်ပါတယ်။ ပြီးတော့ သူက သီချင်းအသံတွေ ရှာဖွေတာ စတာတွေရှာတာကိုကိုလည်း ပြုလုပ်ပေးနိုင်တယ်လို့ သိရပါတယ်။

လွယ်ကူပါတယ်။ လိုချင်တဲ့ automatic editing tool ကို တွေ့နိုင်ပါတယ်။

ဥပမာ– red-eye reduction ၊ အလိုအလျောက်ပုံတွေကြည်လင်ပြတ်သားအောင်လုပ်ပေးတာ၊ ခေဝါးအောင်လုပ်ပေးတာ၊ frame တွေ ထည့်တာ၊ effect တွေ ထည့်တာ စတာတွေပါဝင်ပါတယ်။ Layer တွေနဲ့ အလုပ်လုပ်တဲ့ drawing tool တွေလည်း ပါဝင်ပါတယ်။ Editing tool အနေနဲ့ စိတ်ချရဖို့ဆိုရင် Photo Pos Pro ကောင်းမွန်ပါတယ်။

## FastStone image viewer

Windows မှာပါဝင်တဲ့ photo tool တွေနဲ့ ပုံတွေကို browse လုပ်ကြည့်ရတာ ပင်ပန်းနိုင်ပါတယ်။ FastStone image viewer *(find.pcworld.com/72161)* ဟာ ပုံတွေကို အမြန်ဆုံးပြပေးနိုင်ပြီး folder ထဲမှာ thumbnail image တွေ အဖြစ်နဲ့ ကြည့်လို့ရနိုင်ပါတယ်။ ပုံတွေကို crop ၊ rotate နဲ့ resizeလုပ်နိုင်ပါတယ်။

Email ကတစ်ဆင့်လည်း ပို့နိုင်ပါတယ်၊ ဒါမှမဟုတ် slideshow တွေလုပ်နိုင်ပါတယ်။ File format တွေလည်းပြောင်းနိုင်ပါသေးတယ်။ FastStone image viewer ရဲ့ အကောင်းဆုံးအားသာချက်ထဲက တစ်ခုကတော့ ကိုယ်ကြားဖူးတဲ့ဘယ် graphic photo file format ကိုမဆို အလုပ်လုပ်ပေးနိုင်ပါတယ်။ ဒါ့ပြင် video တွေကို preview ကြည့်ဖို့လည်း သုံးနိုင်ပါသေးတယ်။

## Songbird

ITunes player ရှိပေမယ့်လည်း Songbird က ပိုပြီး အလုပ်လုပ်ပေးနိုင်ပါတယ်။ ဒီ open source music player ဟာ Apple fair play အပါအဝင် audio format မျိုးစုံကို play လုပ်နိုင်ပါတယ်။ App ရဲ့ အသွင်အပြင်တွေ ပြောင်းဖို့ built-in browser ရဲ့ function ၊ playback စွမ်းရည်တိုးမြှင့်ဖို့၊ music-discovery feature ထည့်ဖို့ စတာတွေအတွက် third-party add-on တွေနဲ့ customize လုပ်နိုင်ပါတယ်။

Songbird က CD rip လုပ်တာနဲ့ video support ၊ iPhone နဲ့ iPod Touch အတွက် function စတာတွေ မပါဝင်ပါဘူး။ ကိုယ့်ရဲ့ ပထမဦးစားပေး music player အဖြစ် Songbird ကို သုံးချင်မှာမဟုတ်ပေမယ့် ပုံစံအမျိုးမျိုး add-on တွေနဲ့ သုံးမယ်ဆိုရင်တော့ ဖျော်ဖြေရေးအတွက် ကောင်းမွန်ပါတယ်။

## Audacity

စွမ်းဆောင်ရည်ကောင်းပြီး အခမဲ့ရတဲ့ open-source Audacity *(find.pcworld.com/72023)* ဟာ sound နဲ့ music တွေကို record လုပ်နိုင်ရုံသာမက edit လည်းလုပ်နိုင်ပါတယ်။ Editing လုပ်ဖို့ tool တွေလည်း ပေးထားလို့ လိုအပ်တာထက်တော့ ပိုနေနိုင်ပါတယ်။ Sound နဲ့ပတ်သက်တဲ့ effect တွေ တော်တော်များများပါဝင်ပြီး AIFF ၊ MP3 ၊ OggVorbis နဲ့ wav file format စတာတွေနဲ့ အလုပ်လုပ်နိုင်ပါတယ်။ Track တွေ အမျိုးမျိုးကို mix လုပ်နိုင်ပြီး အသံတွေကိုထုတ်ပေးတာ၊ ရောနှောတာတွေနဲ့ "soundscapes" ကို ဖန်တီးပါတယ်။




Seesmic က social media platform အမျိုးမျိုးက feed တွေကို စမျက်နှာတစ်ခုတည်းပေါ်က စုစည်းပြီး ပြသပေးနိုင်တာကြောင့် twitter တို့ facebook တို့ google တို့ကို တစ်ခုချင်းစီလိုက်ပြီး log in ဝင် နေစရာမလိုတော့ပါဘူး

Audiocity ဟာ sound ကို play around လုပ်ချင်တဲ့သူ၊ ဒါ့ပြင် အတွေ့အကြုံပိုကောင်းတဲ့ editor တွေအတွက် Audacity က သင့်တော်ကောင်းမွန်ပါတယ်။

# Sharing နဲ့ social medida

## Destroy Twitter

ဒီ AIR-based desktop client ဟာ Twitter ကို ချဲ့ထွင်ပြီး လုပ်ထားတာဖြစ်ပါတယ်။ Theme အသစ်မှာထည့်ဖို့ font size တွေ ပြောင်းပေးတာကနေ စလုပ်နိုင်ပါတယ်။ တချို့ user တွေနဲ့ hashtag တွေကို filter လုပ်ထားချင်တယ်ဆိုရင် လုပ်နိုင်ပါတယ်။ Destroy Twitter *(find.pcworld.com/72162)* ဟာ Windows အသေးနဲ့ပေါ်လာမှာဖြစ်ပြီး tweet အသစ်တွေ၊ @mentions တွေ၊ direct message တွေကြားမှာ အလွယ်တကူ browse လုပ်လို့ရမှာ ဖြစ်ပါတယ်။

Default အားဖြင့် tweet အသစ်လာရင် alert ပေးတဲ့ pop-up mesage တွေ ရမှာဖြစ်ပါတယ်။ Disable လဲ လုပ်ထားနိုင်ပါတယ်။ Destroy Twitter ရဲ့ interface က ယင်းကို အကောင်းဆုံး Twitter management tool ဖြစ်စေပါတယ်။

## Seesmic desktop

ဒီ app ဟာ social media feed တွေကိုပေါင်းပြီး stream လုပ်တာဖြစ်ပါတယ်။ Seemic Desktop *(find.pcworld.com/72163)* အတွက် install လုပ်ပြီးတဲ့အခါမှာ setup က ရိုးရှင်းပါတယ်။ Seesmic က တောင်းတဲ့အခါမှာ social media login နဲ့ password ကို ပေးလိုက်ရုံပါပဲ။ ပြီးရင်တော့ pane တွေ အများကြီးအဖြစ် အလိုအလျောက် ပေါင်းပေးပါလိမ့်မယ်။

## Windows live Essential 2011

ဒီ consumer-focused suite ကတော့ Microsoft ရဲ့ web-based app တွေရဲ့ bundle ဖြစ်ပါတယ်။ ပုံတွေကို online မှာ ထိန်းသိမ်းရတာ share လုပ်ရတာ video တွေ တည်းဖြတ်ရတာ၊ PC အချင်းချင်း file တွေ၊ document တွေ၊ share လုပ်ဖို့ စတာတွေ ပါဝင်ပါတယ်။ ဒါ့ပြင် Microsoft က ကြေငြာတာကတော့ Dell ဟာ computer နဲ့အတူ Windows live Essential 2011 *(find.pcworld.com/72164)* ပါလာမယ်လို့ ပြောပါတယ်။ Windows Live Essential မှာရှိတဲ့ app တွေမှာ Windows Live Photo Gallery ကနေစလို့ Windows Live Mesh အထိ အားလုံးပါဝင်ပါတယ်။

Windows Live Essential 2011 ဟာ open ပုံစံဖြစ်ပြီး Flickr ၊ YouTube စတဲ့ third-party service တွေနဲ့ ချိတ်ဆက်ထားနိုင်ပါတယ်။ Microsoft က "frenemies" တွေကို ပူးပေါင်းဖို့နဲ့ဆက်ပြီး customer တွေကို Microsoft ရဲ့ service တွေကို သုံးဖို့ အားပေးပါတယ်။ ဒီကနေ့ essential suite ကိုလည်း update ဖြစ်သွားစေပါတယ်။

## Get more online

ဒီ download တွေအားလုံးကို link တွေရှာနိုင်ပြီး PCWorld ရဲ့ Downloads library *(find.pcworld.com/72103)* မှာ ပိုတွေ့နိုင်ပါတယ်။ File ပေါင်းများစွာ list လုပ်ထားတာ တွေ့ရမှာဖြစ်ပြီး software developer တွေရဲ့ site တွေလည်း ပါဝင်ပါတယ်။ ဘယ် program အတွက်မဆို အတွေ့အကြုံနဲ့ ပတ်သက်ပြီး user review sharing ရေးဖို့ ဖိတ်ခေါ်ပါတယ်။ ■

စောကလျာအေး (U.C.S.Y)